
ဘာသာပြန် စာရေးဆရာ - Dr.Panda
လောကရဲ့
ပန်းချီဆရာ
(မန်ချန်)
စာစဉ် - ၂၅

# လောကရဲ့ ပန်းချီဆရာ
## Chapter 385

ဝှစ်

မန်ချန်ရဲ့ ကိုယ်ဖော့သိုင်းဟာ အလွန်ဆန်သလို လက်ထဲက ဆေဘာဓား ကလည်း အလွန်မြန်ဆန်နေပါပြီ။ ဂြိုဟ်သား တန်ခိုးရှင်ကြီး ရှောင်တိမ်းဖို့ အချိန်မရတော့ပါဘူး။ သူ့ရဲ့ဓားနဲ့ ဆေဘာဓားအလင်းကို ပိုင်းချလိုက်ပါပြီ။ ဒါပေမဲ့ ဆေဘာဓားအလင်းဟာ ဓားကို ကွေ့ပတ်ရှောင်ကွင်းသွားပြီး သူ့ခါး လယ်ကို ထိမှန်သွားပါတော့တယ်။ ဂြိုဟ်သား တန်ခိုးရှင်ရဲ့ခန္ဓာကိုယ် နှစ် ပိုင်းပြတ်သွားခဲ့ပါပြီ။ သူ့ခန္ဓာကိုယ် အမှုန်လေးတွေအဖြစ် လွင့်ပြယ် ပျောက်ကွယ်သွားပါတော့တယ်။

"ပထမ အဆင့်က လွယ်တာပဲ"

မန်ချန်လည်း လေဝဲထဲ ပျံသန်းဝင်ရောက်သွားခဲ့ပါပြီ။

ဒီပထမ အဆင့်ရန်သူက ပဉ္စမ မိုးကောင်းကင် အထွတ်အထိပ်အဆင့် မိစ္ဆာဘုရင် တစ်ပါးလောက် အစွမ်းထက်နေပါပြီ။

သွေးတစ်စက် အဆင့်မှာတော့ မန်ချန်ဟာ ပဉ္စမမိုးကောင်းကင် မိစ္ဆာ ဘုရင်တွေကို အလွယ်ကလေး အနိုင်ယူလာနိုင်ခဲ့ပါတယ်။

လေဝဲကြီးကို ဖြတ်သန်းပြီးသွားချိန်မှာတော့ စကြဝဠာ လေဟာနယ်ထဲ မန်ချန် ရောက်ရှိသွားခဲ့ပါပြီ။ အနက်ရောင် ဂြိုဟ်သား တန်ခိုးရှင် ငါးဦးဟာ တိတ်ဆိတ်စွာ ရပ်နေခဲ့ကြပါတယ်။ သူတို့တွေ အားလုံးက ပေ ၃၀ လောက်

မြင့်မားကြပြီး အလွန်လည်း ရုပ်ဆိုးကြပါတယ်။ သူတို့ရဲ့ ချပ်ဝတ်တန်ဆာတွေဟာ အနက်ရောင် ဖြစ်ကြပြီး ချွန်ထက်တဲ့ အမြီးရှည်ကြီးတွေကိုလည်း ပိုင်ဆိုင်ထားကြပါသေးတယ်။ မန်ချန်ကို တွေ့လိုက်ရတော့ သူတို့ မျက်လုံးတွေ အရောင်တောက်ပသွားခဲ့ပါပြီ။ မန်ချန်ကို ချက်ချင်း ဝင်ရောက်တိုက်ခိုက်လိုက်ကြပါတော့တယ်။

သူတို့ ပျံသန်းလာချိန်မှာ လေဟာနယ် လိမ်တွန့်သွားခဲ့ပါပြီ။ မန်ချန်လည်း ရှောင်တိမ်းဖို့ အချိန်မရတော့ပါဘူး။ သူတို့ ငါးဦးက ဝင်္ကပါတိုက်စစ်ကို အသုံးပြုခဲ့ကြသလို အလွန်လည်း မြန်ဆန်လွန်းပါတယ်။ ချက်ချင်း တိမ်တိုက်နဂါး ကိုယ်ဖော့သိုင်းကို မန်ချန် ထုတ်သုံးလိုက်ပါပြီ။ စကြဝဠာအလွှာထဲ မန်ချန် ဝင်ရောက်သွားပါတော့တယ်။ ကိုယ်ပွား ကိုးခုကတော့ ဂြိုဟ်သားတန်ခိုးရှင် ငါးဦးဆီ ပျံသန်းသွားခဲ့ကြပါပြီ။

ရွှပ်

စကြဝဠာ တစ်နေရာကနေ ဆေဘာဓားအလင်း ပေါ်ထွက်လာခဲ့ပြီး ဂြိုဟ်သားတန်ခိုးရှင် တစ်ဦးကို ထိမှန်သွားခဲ့ပါပြီ။ သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာကြီးတစ်ခု ပေါ်ထွက်လာခဲ့ပြီး ချက်ချင်းဆိုသလို အမှုန်အဖြစ် ပျောက်ကွယ်သွားခဲ့ပါပြီ။

မန်ချန်လည်း တိမ်တိုက်နဂါး ကိုယ်ဖော့သိုင်းနဲ့ စကြဝဠာအလွှာထဲ ပုန်းအောင်းရင်း နောက်ထပ် ဂြိုဟ်သားတန်ခိုးရှင် တစ်ဦးဆီ ချဉ်းကပ်သွားပါတော့တယ်။ တစ်ဦးချင်းစီ မန်ချန် ရင်ဆိုင်တိုက်ခိုက်လိုက်ပါပြီ။ ဒီရန်သူတွေက ပထမအဆင့်က ရန်သူတွေထက် ပိုပြီး အစွမ်းထက်ကြပေမဲ့လည်း အလွယ်ကလေး သတ်ဖြတ်လို့ရခဲ့ပါတယ်။

ဂြိုဟ်သား ငါးဦးကို ရင်ဆိုင်ပြီးချိန်မှာတော့ စကြဝဠာ အလွှာအပြင်ဘက်ကို မန်ချန် ပြန်ထွက်လာခဲ့ပါပြီ။

"ဒါကြောင့်လည်း ပဲ့ချွမ် တန်ခိုးရှင်ကြီး ရီဟုန်ရဲ့ ကိုယ်ဖော့သိုင်းကို နံပါတ်တစ် သိုင်းပညာအဖြစ် သတ်မှတ်ခဲ့ကြတာကိုး။ ရန်သူတွေကို ငါ စိတ်ကြိုက် တိုက်ခိုက်နိုင်ပေမဲ့ ရန်သူတွေက ငါ့ကို ဘာမှ မလုပ်နိုင်ခဲ့ကြဘူး"

မန်ချန်လည်း လေဝဲကြီးထဲ ဆက်လက် ပျံသန်း ဝင်ရောက်သွားခဲ့ပါပြီ။

တတိယ အလွှာကို ရောက်သွားချိန်မှာတော့ ကျားဖြူမိစ္ဆာဘုရင်ကြီးကို တွေ့လိုက်ရပါတော့တယ်။

"ဟင်.. မိစ္ဆာကြီးပါလား။ စစ်နတ်ဘုရား ဘုံနန်းမှာ မိစ္ဆာတွေ ရှိတယ်လား"

မန်ချန် အလွန် အံ့အားသင့်သွားခဲ့ပါပြီ။

"အင်း.. ဖြစ်နိုင်တယ်။ အခုက မိစ္ဆာလောကနဲ့ လူသားကမ္ဘာ နှစ်ခုတို့ အချိန်စကြဝဠာ မြစ်ကြီးထဲမှာ ဆက်သွယ်မိသွားကြပြီ။ အချိန်စကြဝဠာ မြစ်ထဲမှာ ငါတို့ ကမ္ဘာနှစ်ခုက နယ်မြေတူလိမ့်မယ်။ မိစ္ဆာလောကရဲ့ သမိုင်းကြောင်းက ငါတို့ သမိုင်းကြောင်းထက် ပိုပြီး ရှည်လျားတယ်။ ဒါကြောင့်လည်း ဘိုးဘေးဆရာကြီး အာချန်အီရှန်က မိစ္ဆာလောကအကြောင်းကို အစောကြီးကတည်းက သိထားခဲ့မယ် ထင်တယ်"

ကျားဖြူမိစ္ဆာကြီးရဲ့ မျဉ်းဖြောင့်သဏ္ဌာန် မျက်လုံးတွေဟာ မန်ချန်ကို အေးစက်စွာ စိုက်ကြည့်နေခဲ့ကြပါတယ်။

ဝုန်း

ပတ်ဝန်းကျင်က စကြဝဠာ တည်ရှိမှု အေးခဲသွားခဲ့ပြီး မန်ချန်ကို ချုပ်နှောင်တားဆီးဖို့ ကြိုးစားလာခဲ့ကြပါပြီ။

"မိစ္ဆာနတ်ဘုရားသိုင်း"

မန်ချန်လည်း စကြဝဠာအလွှာထဲ အမြန်ဆုံး ခုန်ဝင်သွားပါတော့တယ်။ စကြဝဠာ အလွှာထဲကနေ ကျားမိစ္ဆာကြီးအနား ချဉ်းကပ်လာပြီး ဆေဘာ ဓားနဲ့ ပိုင်းချလိုက်ပါပြီ။ ကျားမိစ္ဆာကြီးက မျက်မှောင်တစ်ချက် ကြုတ်လိုက် ပြီး လက်သည်းကြီးတွေနဲ့ ဆေဘာဓားအလင်းကို ခုခံလိုက်ပါတော့တယ်။ ဒါပေမဲ့ ဆေဘာဓားအလင်းက အလွန် ခန့်မှန်းရခက်တဲ့အသွင် ပြောင်းလဲ သွားခဲ့ပါပြီ။ လက်သည်းကြီးကို အလွယ်ကလေး ရှောင်တိမ်းပြီး ကျားမိစ္ဆာ ကြီးရဲ့ခါးလယ်ကို ပျံသန်း ဝင်ရောက်သွားပါတော့တယ်။

လေပြင်းနက်တွေဟာ ကျားမိစ္ဆာကြီးရဲ့ ခန္ဓာကိုယ်ဝန်းကျင်မှာ အလွှာတစ် ခုသဖွယ် စုဝေးလာခဲ့ပါပြီ။ လေပြင်းနက်တွေဟာ အလွန်ကို မာကျော ကြံ့ခိုင်လွန်းနေခဲ့ပါတယ်။ မန်ချန်ရဲ့ ဆေဘာဓားအလင်းဟာ လေပြင်းနက် ကို ဖောက်ထွင်းပြီး ကျားမိစ္ဆာကြီးရဲ့သားမွေးတချို့ကို စုတ်ပြဲသွားစေပြီးချိန် မှာတော့ ပျောက်ကွယ်သွားခဲ့ပါပြီ။

ဆေဘာဓားကို မန်ချန် ချက်ချင်း ပြန်ရုပ်လိုက်ပါတော့တယ်။

ကျားမိစ္ဆာကြီးရဲ့ ခန္ဓာကိုယ်ပေါ်က စုတ်ပြဲရာလေးဟာ ချက်ချင်း အကောင်းအတိုင်း ပြန်ဖြစ်သွားခဲ့ပါပြီ။

"သတ္တိရှိရင် ထွက်လာခဲ့စမ်း"

ကျားမိစ္ဆာကြီးလည်း မန်ချန်ရဲ့ကိုယ်ပွား ကိုးခုကို ကြည့်ပြီး လူ့ ဘာသာစကားနဲ့ အော်ဟစ်လိုက်ပါတော့တယ်။ သူ့ရန်သူက စကြဝဠာ အလွှာထဲ ပုန်းအောင်းနေကြောင်း သိနေတာ သေချာသွားခဲ့ပါပြီ။

"အင်း... စစ်နတ်ဘုရား ဘုံနန်း ဝင်္ကပါက ဖန်တီးထားတဲ့ ရန်သူက တ ကယ့်မိစ္ဆာဘုရင်လိုပဲ။ သူက အထွတ်အထိပ် ပဥ္စမအဆင့် မိစ္ဆာဘုရင်တွေထဲ မှာ ဘက်ပေါင်းစုံ အစွမ်းထက်သူလို့ ပြောနိုင်နေပြီ။ သူ့ရဲ့နယ်မြေ၊ နတ် ဘုရား သိုင်းပညာနဲ့ ခန္ဓာကိုယ်က အရမ်းအစွမ်းထက်လွန်းတယ်။ ဒဏ်ရာ

ပြန်ကျက်နှုန်းကလည်း မြန်လွန်းတယ်။ သူ့ရဲ့ လက်သည်းတွေကလည်း ဓမ္မ နယ်မြေအဆင့်ရောက်နေပြီ။ ဒါပေမဲ့ စကြဝဠာ အလွှာထဲ ငါပုန်းအောင်းနေ သရွေ့ ငါ့ကို တိုက်ခိုက်နိုင်စွမ်း မရှိသေးဘူး"

မန်ချန် တွေးနေမိခဲ့ပါတယ်။

ကျားမိစ္ဆာကြီးရဲ့ မျက်လုံးတွေ ရွှေရောင်တောက်ပလာခဲ့ပါပြီ။ သူ့ မျက်နှာထား တည်ကြည်လေးနက် လာခဲ့ပါတော့တယ်။

ရှစ် ရှစ် ရှစ်

ဆေဘာဓားအလင်းတွေ အရပ်မျက်နှာ အဘက်ဘက်ကနေ ပျံ့သန်း ဝင် ရောက်လာခဲ့ပါပြီ။

ကျားမိစ္ဆာကြီးရဲ့ ပတ်ဝန်းကျင်တစ်ခွင်၊ အထက်အောက်ပါမကျန် ဆေဘာ ဓားအလင်းတွေ ပြည့်နှက်သွားပါတော့တယ်။ ကျားမိစ္ဆာကြီး အနည်းငယ် တုန်လှုပ်သွားခဲ့ပါပြီ။

တိမ်တိုက်နဂါး ကိုယ်ဖော့သိုင်းကို မန်ချန် အဆုံးစွန်အထိ အသုံးပြု လိုက်ပါတော့တယ်။ အဆုံးအစမဲ့ ဆေဘာဓားသိုင်းရဲ့ သိုင်းကွက် ၁၆ ကွက် ဆက်တိုက် ထွက်ပေါ်လာခဲ့ပါပြီ။

တိမ်တိုက်နဂါး ကိုယ်ဖော့သိုင်းရဲ့ ထူးဆန်းလှတဲ့ လှုပ်ရှားမှုနဲ့ အဆုံးအစမဲ့ ဆေဘာဓားသိုင်းရဲ့ ကြောက်စရာကောင်းမှုတွေကြောင့် ကျားမိစ္ဆာကြီး တုန်လှုပ်သွားခဲ့တာပါ။

ချွမ် ချွမ် ချွမ်

ကျားမိစ္ဆာကြီး ဝန်းကျင်က လေပြင်းနက် နယ်မြေဟာ ပတ်ဝန်းကျင်ကို ဖိအားပေးလာခဲ့ပါတယ်။ သူ့လက်သည်းကြီးတွေနဲ့ ဆေဘာဓားအလင်းတွေ ကို ခုခံလိုက်ပါပြီ။ အဆုံးအစမဲ့ ဆေဘာဓားသိုင်းရဲ့ အလှည့်အပြောင်းဟာ

မန်ချန်ရဲ့သွေးတစ်စက် ခန္ဓာကိုယ်က ခွန်အားတွေကြောင့် ကျားမိစ္ဆာကြီး အနေနဲ့ သိုင်းကွက်တိုင်းကို ကြိုးစားခုခံခဲ့ရပါတယ်။ ပြီးတော့ သိုင်းကွက်တွေက အရပ်မျက်နှာ အဘက်ဘက်က ဝင်ရောက်လာခဲ့တာပါ။

သတ္တမမြောက် ဓားချက်ဟာ ကျားမိစ္ဆာကြီး လက်မောင်းရင်းကို ထိမှန်သွားခဲ့ပြီး လက်မောင်းတစ်ဖက် လွင့်စဉ်သွားခဲ့ပါပြီ။

အဋ္ဌမမြောက် ဓားချက်၊ နဝမမြောက်ဓားချက်။

ဓားချက် ၁၆ ချက်လုံးကို ရင်ဆိုင်ပြီးချိန်မှာတော့ ကျားမိစ္ဆာကြီးရဲ့ ခန္ဓာကိုယ်ဟာ အရေအတွက် ဆယ်ပိုင်းကျော်လောက်ရှိတဲ့ အတုံးလေးတွေ အဖြစ် ပြောင်းလဲသွားပါတော့တယ်။ သူလည်း အမှုန်အဖြစ် ပျောက်ကွယ်သွားခဲ့ပါပြီ။

"ငါနိုင်သွားပြီ။ ငါ့မှာ အဆုံးအစမဲ့ ဆေဘာဓားသိုင်းတစ်ခုပဲ ရှိပြီး တိမ်တိုက်နဂါး ကိုယ်ဖော့သိုင်း မရှိဘူးဆိုရင် သူ့ကို အချိန်တော်တော်ကြာအောင် တိုက်ခိုက် သတ်ဖြတ်ရလိမ့်မယ်။ ကျားမိစ္ဆာကြီးလည်း နတ်ဘုရားသိုင်းပညာ အသုံးပြုခွင့် မရခဲ့ဘူး"

"နောက်တစ်ဆင့်က စတုတ္ထအဆင့်ပဲ။ ဒီအဆင့်က ရန်သူက ပဲ့ချွမ်တန်ခိုးရှင် ဖြစ်လိမ့်မယ်။ ငါကျော်ဖြတ်နိုင်ဖို့ မလွယ်တော့ဘူး"

စတုတ္ထအဆင့် လေဝဲထဲ မန်ချန် ဝင်ရောက်သွားခဲ့ပါပြီ။ စစ်ပွဲမှာ အနိုင်ရဖို့ သူအစွမ်းကုန် ကြိုးစားရပါလိမ့်မယ်။

...

စစ်နတ်ဘုရား ဘုံနန်း အပြင်ဘက်မှာ။

အဘိုးအိုဟာ တံခါးနံဘေးမှာ ရှိနေတဲ့ အမည်စာရင်း ကျောက်တိုင်ကြီးကို ကြည့်နေခဲ့ပါတယ်။

"တတိယ အဆင့်ကို သူကျော်ဖြတ်ပြီးသွားပြီပဲ"

အဘိုးအိုလည်း အံ့အားသင့်သွားခဲ့ပါပြီ။ အဆင့် ၃၅ ထဲ ဝင်နေပြီ ဖြစ်တာကြောင့် သူဟာ တကယ်ကို အစွမ်းထက်သူလို့ ပြောနိုင်နေပါပြီ။

"သူက အသက် ၅၉ နှစ်ပဲ ရှိသေးတယ်။ ပွဲချွမ် တန်ခိုးရှင် တစ်ဦးလို အစွမ်းထက်နေပြီ။ ဒါပေမဲ့ ဘာဖြစ်လို့ အဆင့် ၃၅ ပဲ ရောက်သေးတာလဲ။ သူ့အနေနဲ့ ထိပ်တန်း ၁၀ ဦးထဲ စာရင်းဝင်သင့်နေပြီ မဟုတ်လား။ သူ့ရဲ့ ထူးခြားတဲ့ ကျင့်စဉ်အစွမ်းကြောင့်ပဲ ကျော်ဖြတ်နိုင်ခဲ့တာကြောင့်လား။ ရတနာကြောင့်ပဲ ကျော်ဖြတ်နိုင်ခဲ့တာကြောင့်လား"

***